# ကျဆန်လမ်းအို
# ဇရပ်




နိုင်ဝင်းဆွေ အမှတ်တရ ကဗျာများ



# ရေဆန်လမ်းသို့ အပြန်

## နိုင်ဝင်းဆွေအမှတ်တရကဗျာများ

ဧရာဝတီညီနောင်စာပေ
P.O Box - 42
HUA MARK
BangKok - 10243
Thailand



# ရေသန့်ကမ်းဆို့ ညှိန်

ပထမအကြိမ်

၁၉၉၉ခုနှစ် ဖေဖော်ဝါရီလ

အုပ်ရေ ၁၀၀၀

မျက်နှာဖုံး မင်းကျော်နိုင်

အတွင်းရေး တင်ဦးလွင်

**ဖြန့်ချိ**

ရောဝတီညီနောင်စာပေ

**P.O Box - 42**
**Hua Mark P.O**
**BangKok - 10243**
**Thailand**

ထုတ်ဝေ

နိုင်ငံရေး အမှတ်တရ စာအုပ်ထုတ်ရေးအဖွဲ့

(လွတ်မြောက်နယ်မြေ)။

စာစီ၊ ပုံနှိပ်

ABSDF Art Group

တန်ဖိုး

4 $

စီစဉ်သူများ

မောင်လှမ်းဇော် (ABSDF)

မင်းမင်းဦး (DPNS)

ဒေါင်းနီ

## [illegible] စကား

(၁)

ကျနော်တို့တတွေ မာနယ်ပလောကို လက်ပြခဲ့ကြ။

ဆရာနိုင်ဝင်းဆွေရဲ့သတင်းကို နောက်ဆက်တွဲ ကြားသိကြရ။

ဇဝေဇဝါ၊ မသေမချာ၊ မရှင်းမလင်း၊ မတိမကျ။

နောက်ဆုံး ... မြင်တွေ့ဆုံစည်း၊

ခွဲခွာခဲ့ကြသူများ။

တယောက်ပြီးတယောက်။ မေးမြန်းခဲ့၊ စုံစမ်းခဲ့၊

သုံးသပ်ခဲ့၊ အချိန်ယူခဲ့ကြ၊

ချုပ်တော့ ...

ဆရာ ကျဆုံးသွားခဲ့ပြီ။ (၂၄-၂-၉၅)။

ကျနော်တို့မှာ ကြေကွဲရှုံမဆုံးနိုင်။

မာနယ်ပလော ဘုံရိပ်သာ ပျောက်ဆုံး။

ကျနော်တို့တတွေ နယ်နိမိတ်မျဉ်း ကြောင်းအတိုင်း၊

စစ်ချီလမ်းများသီ၊ ရွှေ့လျား၊ စီးမျော၊ ဝေးကွာ။

(၂)

ဟိုစဉ်ကလို မျက်နှာစုံညီ စကားဝိုင်းများ၊ အိပ်မက်။

တချို့ ... တိုင်းခြားကိုပင်ရောက်နေ။

"ဆရာနိုင့်အတွက် တို့တခုခုလုပ်ကြအောင်ကွာ"

စကားသံတို့ သက်ပြင်းနဲ့အတူ အဖတ်တင်ကျန်။

အချိန်တွေ ပုတ်သိုး။

(၃)

ဆရာနိုင်ကျဆုံးခဲ့တာ (၂၄-၂-၉၅၊ ၂၄-၂-၉၇)

(၂)နှစ် တင်းတင်းပြည့်ခဲ့။

စာတအုပ် မထုတ်လုပ်နိုင်သေး။

ဒီကဗျာစာအုပ်ငယ်ကို ကြိုးပမ်းထုတ်ဝေ။

(ချစ်ခင်သူ မှန်းတီးသူ အားလုံး)

ဆရာနိုင့်ကိုယ်စား ကျေးဇူးစကားဆိုအပ်။ ။

ကြိုးပမ်းစီစဉ်သူများ

# မာတိကာ


| | | |
|---|---|---|
| ၁။ လေညှင်းကလေးလာနေပြီ | နိုင်ဝင်းဆွေ | ၁ |
| ၂။ မိုးမဟုဘူး | နိုင်ဝင်းဆွေ | ၁၂ |
| ၃။ ငွေ ရွှေ ရတု | နိုင်ဝင်းဆွေ | ၁၆ |
| ၄။ ဓါတ်တော်ချိုင့်မှာ | ကျော်အေး | ၂၁ |
| ၅။ တော်လှန်ရသော အနုပညာရှင် | ရဲကျော်သူ | ၂၂ |
| ၆။ မဟူရာသဝထ် | မောင်လွမ်းဏီ | ၂၃ |
| ၇။ သေတမ်းစာ | ယောဟန်အောင် | ၂၄ |
| ၈။ ရေခွက်တရား | ဘိက္ခုရာဇဣန္ဒ | ၂၆ |
| ၉။ ဆည်းဆာတွေလဲ ကြွေကျဲစရာ | ဝင်းတင့်ထွန်း | ၂၇ |
| ၁၀။ သွေးစက်တွေ | အောင်ဝေ | ၃၀ |
| ၁၁။ ဝန္နဝင်လက်များ | ခွန်ဆွေလင်း | ၃၂ |
| ၁၂။ ရိုးမချစ်သူ | လှမြင့် | ၃၃ |
| ၁၃။ အလေးပြုကြပါစို့ | နီမြင့် | ၃၅ |
| ၁၄။ ဝီတောက်တွေ ရှေရည်လူးတဲ့အချိန် | မြင့်သစ် | ၃၇ |
| ၁၅။ သားရဲ့အမေ | လင်းထက်ငြိမ်း | ၃၈ |
| ၁၆။ ငယ်ပေါင်းဖော် ချစ်ရဲဘော်သို့ | ရဲဟိန်း | ၄၀ |
| ၁၇။ ကျမမှာလိုက်ပါရစေ | ချောအိမ်မော် | ၄၁ |
| ၁၈။ မီးလောင်ချောင်း | ကိုစိုးဝင်း | ၄၄ |
| ၁၉။ ငြိမ်းချမ်းစွာ အိပ်စက်နေပါစေ | ထွန်းနိုင် | ၄၅ |
| ၂၀။ ပင်လယ် | သူရ | ၄၈ |
| ၂၁။ ပြောပြပါတော့ မသိန်းရှင် | ဒေါင်းနီ | ၅၀ |
| ၂၂။ လမင်းသံလွင်၊ သီချင်းရှင်နှစ်ယောက် | ရဲနည် | ၅၃ |
| ၂၃။ ရှင်သန်မြဲ မိုးမခ | အေးထက်(လူဘောင်သစ်) | ၅၄ |


| | | |
|---|---|---|
| ၂၄။ သင် သို့မဟုတ် သင် | ရဲဘော်မောင်ပိုင်း | ၅၅ |
| ၂၅။ ဝံပုလွေ | မိုးသီးဇွန် | ၅၆ |
| ၂၆။ စုစည်းရှာ | တိုးသစ် | ၆၀ |
| ၂၇။ ငှက်ကလေးတွေ ပျံသွားနေကြ | တိုက်အောင် | ၆၁ |
| ၂၇။ ၉၅ / ဖေဖော်ဝါရီ | မင်းမင်းဦး | ၆၄ |
| ၂၈။ တော်လှန်ရေး ကဗျာ | အောင်နိုင်ဦး | ၆၅ |
| ၂၉။ ဆောင်းရက်တွေက ရှည်ပါတယ် | မြင့်ကျော်ခေါင် | ၆၆ |
| ၃၀။ ကတ္တီပါအုပ်၍ မြေမြှုပ်ပေးပါ | ထိုက်သူနိုင် | ၆၉ |
| ၃၁။ အားမာန်သစ်ပွင့် | စွမ်းမြိုင် | ၇၀ |
| ၃၂။ ရွှေရုပ်တု | ငွေးအောင် | ၇၁ |



အနုပညာကို ချစ်
ယုံကြည်ချက်ကို ချစ်
သစ္စာတရားကို ချစ်
လောကကိုပါ ချစ်တယ်
အချစ်ကြောင့်ပဲ ကွန်မြူနစ်လဲ ဖြစ်ခဲ့တယ်။

နိုင်ဝင်းဆွေ
(၁၉၄၀–၁၉၉၅)

နိုင်ဝင်းဆွေ အမှတ်တရ ကဗျာများ



# လေညှင်းကလေးလာနေပြီ

(၁)
တောင်ကြားထဲ
မှောင်မည်း စွတ်စို
အကျဉ်းနေ်းလို လှိုဏ်ထဲမှာ
အိပ်ပျော်ရာက
လန့်နိုးလာတဲ့ ကျနော်။

လူသူငယ်ကလေးများ
ပွဲ့နမ်းကစားဖို့
ပန်းအလှလေးများ
မွှေ့ရမ်းမလားလို့
လမ်းမ၊ ခြံဝ၊ မြောင်းစပ်နဲ့
မြက်ခင်းတွေပေါ်
ကျနော်နဲ့ ချွေးသူငယ်လေးများ
ပျော်မြူး ပြေးလွှား၊ ဆော့ကစားဖို့
ရိုးပြတ်ကွင်း၊ လယ်ကန်သင်းတွေပေါ်
ကျော်နင်းတိုးဝှေ့
ကျနော့်ကို မျှော်ရှာသူ
စမ်းချောင်းကလေး တေးသီနေတဲ့
ရွာကလေးဆီ။

(၂)
ကျနော်လာပြီ
ရွာရဲ့မိတ်ဆွေ လေညှင်းကလေးပါ
သတိရလျက်
တမ်းတလျက်။

ခါတိုင်းက ဆို
ရွာကို အဝင်၊ ကျောင်းရင်ပြင်မှာ
ခွန်းဆက် ဓင်မင်
ကိုရင်ကလေးတွေ
ပန်းအလှကလေးတွေ။

အခုတော့
ပန်းယမင်းတို့ရဲ့
သင်းရနံ့ကလေးရယ်
ဘယ်မှာလဲကွယ်။

(၃)
အို
ဒီမှာ သွေး
မနုသသွေးနဲ့
ညှိစို့ ပြန့်လျက်
ဇရပ်ပေါ်က သွေးကွက်တွေ
ဟိုမှာ
ကျောင်းကြီးအို
ပြိုမလို ယိုင်လဲလု
စေတီအိုဟာ၊ ဗုံးဒဏ်ရာသည်း
ထီးမြတ် ငိုက်ကြ
အက်ကြောင်း ဟ လို့
ပြိုကျလု တဲတဲ
ကြေကွဲစရာ့ စိတ္တဇပန်းချီ။

ဟော သေနတ်သံတွေ
ကျည်ဆံတွေက
ငါ့ကိုယ်ထဲများ ဖောက်သွားလေမလား
ကျုံနော် ကြောက်သွားမိတယ်လေ။

စစ်ကိုမွေးဖွား
စစ်ကြေးစားများရဲ့
စစ်ဖိနပ်သံ၊ ကန်ကြောက်သံ၊ ဆဲသံ ဆိုသံ
အော်သံ ဝေါက်သံ၊ ညည်းသံ ညူသံ
ညှင်းပမ်းသံ
"လူ တစ္ဆေ သူရဲ၊ ငရဲသားတွေ
သေနတ်တကားကား ကိုင်ထားပေမယ့်
ကြောက်စိတ်တဖွားဖွားနဲ့
စစ်ကြေးစားတွေ"

ငါ သင်တို့အနားကပ်၊ ခဏ ရပ်ခိုက်
စကားတပိုဒ် အော်ပြောလိုက်မိတယ်။

"ခင်ဗျားတို့ဟာ
ဟို့ အဝေးကြီး ရွာတွေက
လယ်သမားတွေ
ဒီရွာသားတွေဟာလည်း
လယ်သမားတွေပဲ မဟုတ်လား
စဉ်းစားစမ်းပါ"။

ကျောင်းလေ့ခါး အုတ်တိုင်နံဘေး
ထိုင်ငေးလေသူ
ကြေးစားကလေးရဲ့ အတွေးတွေ
"အို ယေရှုသခင်မြတ်
လူကို သတ်နေရတဲ့
ဒီစစ်ဇာတ်ပွဲ
ရပ်စဲပါတော့
ကောင်းကင်ဘုံအောက် ဒီမြေပြင်မှာ
ကြည်လင်အေးမြ
နေ့သမယများ
တွေ့ပါရစေ ဘုရားသခင်"
ကြေးစားကလေးရဲ့
တောင်းဆုရေအလျှင်တွေလဲ
ကျောင်းပုရဝုဏ်ထဲ
ဝဲကတော့ လည်ဆဲပါ။

(၄)
ရွာထဲအဝင်
ကျနော့်ရင်တွေ ဆတ်ဆတ်ခါလျက်
မီးကျည်ခဲတို့ ရွာလုံးဖုံးပေါ့။

စကားတသံ
ကြားဖူးနေကြ ရင်းနှီးလှတဲ့ အသံ
"မိတ်ဆွေလေးရေ
ငါတော့ အိမ်ကြီးရှိနိုင် ခေါင်တိုင်ကနေ
မီးသွေးတုံးဘဝ ကူးခဲ့ရပြီ
ဖို့ရင်ထဲဆူ၊ ပူလောင်ရပြီ"
ကျနော့်ရင်ထဲလဲ
အပူမီး ငရဲစွဲရပေါ့။

"ကျနော်ချစ်တဲ့
လူသူငယ်လေးတွေ
နွေးသူငယ်လေးတွေကော မိတ်ဆွေ"
"ရွာသာ ကြည့်တော့ကွာ
သူတို့ ဘယ်မှာ
ငါ မသိတော့ဘူး
အို ခုဆိုရင်
သင့်ရဲ့ ကလေးတွေလဲ
မီးကျည်ခဲ တဖြစ်လဲရှာတော့မယ်"။

(၅)
ကွေ့ကောက်ကောက်
လမ်းတလျှောက်
ကဆုန်ပေါက် ကျနော် စိုင်းလာတယ်။
ပြာပုံ
ကျည်ဆံခွံ
ဒုက္ခ သောက
ချောင်းချောင်းပွက်ထ သောက။
(ဟော့ စစ်တရားခံတွေ
ငါ မုန်တိုင်းဖြစ်လို့ ခြိမ့်ခြိမ့်အသံမှာ
မင်းတို့ရှိရာ လာခဲ့မယ်ဟော့)
လမ်းတကွေ့ ချိုးအချ
ခြံအဝ တခါးပေါက်မှာ
ဆင်းရဲသား လယ်သမားနှစ်ယောက် အလောင်း
ရှုံ့မှုန်းစရာ ယင်ကောင်တွေ
မီးလောင်နံ့၊ ညှီနံ့၊ သွေးနံ့၊ ယမ်းနံ့၊ မီးခိုးနံ့
အသားစ ညှော်နံ့၊ ပြာမှုံ့နံ့။

ဒီနေရာလေ
လွန်ခဲ့တဲ့ နေ့တဝက်က
ပွက်လောရိုက် ငိုသံ၊ ညည်းသံ၊ ပေါက်ကွဲသံ
အော်သံ ဆူသံ၊ သံရှည် ဆွဲသံ
အသံနက်ကြီး တသံ
စက်သေနတ်သံ၊ ထိမှန်တဲ့ အသံ
အမြောက်ကြီး အသံ
လဲကျသံ၊ ငရဲဟက်တက် ကွဲအက်သလို ဆူသံ
ဆူညံခဲ့ပါပကော။

ဘယ်ဆိုးကြမ္မာတို့
ညှိုးလာရက်တယ်။

(၆)
ဟိုတုန်းခါက
စိမ်းပြာ ရေကြော၊ ဝါးတောရိပ်အောက် ကျနော်
လျှောက်ပြေးရတာ
သိပ်ပျော်တာပဲ။

စမ်းချောင်းလေး တေးဆိုပြတော့
ကျနော် ကလိုက်တာပေါ့။

စမ်းရေစီးပေါ်မှာ
ကျနော် အိပ်မေ့တဲ့အခါ
စမ်းပုခက်ကလဲ
ဒန်းလွှဲလျက်ပါ။

အခုတော့
စမ်းချောင်းလေးက
"ချစ်လှတဲ့မိတ်ဆွေရေ
ကျွန်ုပ်လဲ
လူသွေးညှိနောက်လို့
အရူးတယောက်လို
နောက်ကျိနေရပါပကောလားဗျာ"တဲ့

(၇)
ဆည်းဆာ နေညို
နွေပန်းချီလဲ မှုံရီဝါး
ဆေးသား ပြယ်လွင့်စ
အမှောင်စများ
မညီ မမျှ
ဒီတစ ဟိုတစနဲ့၊ စမ်းချောင်းဝမှာ
ပျပျ ညို့ပြီ။

ဟို အရင်ကဆို
ဒီ တဲအိုကလေးမှာ
သူတို့ လင်မယား
အကြည်စားသန်တုန်း
နှစ်ယောက်ကြား ကျနော်ဝင်ထိုင်လို့
သူတို့စကား
နားထောင်ရတာ
ကြည်နူးစရာ
ရွှင်စရာ
ပျော်စရာ ညစေ ညစေများရွာ။

(၈)
အခုတော့
ထရံနဲ့ တဲတိုင်တွေဟာ
ကျည်ဆံရာ အထပ်ထပ်
စစ်တံဆိပ် အမှတ်အသားတွေ။

တဲပေါ်က မိခင်အလောင်း
သွေးစီးကြောင်းပျက်
ချောင်းကလေးနဲ့ ဆက်လို့။

လူသားကလေးလေ
လေးဘက် တွားတက်
အမေ့အလောင်း ရင်ခွင်ထက်မှာ
နို့ချိုရှာလျှက်။
"ပေးလိုက်စမ်းပါ
သားကလေးအတွက်
နို့တစက်"
"အို လောကသခင်
သင် ဘယ်မှာလဲ
မတရားတာတွေ မတားဘူးလား"
ငါက
လူ့သူငယ်လေးကို ပွေ့လျှက်။

"ကလေးရာ
မင်းအနားမှာ ငါ
ငါ့ရင်ခွင်ထဲမှာ မင်း
မင်းကိုယ်စား ယောဒီ ငါ"

(၉)
နေဟာလေ
အိပ်ယာပေါ်မှာ လဲလျောင်းလို့
လူသူငယ်လေးကို ပစ်ထား
ထွက်ခွာသွားပြီကို။

လူကလေးက ငိုတော့တယ်။

ငှက်ကလေးတွေကလဲ
စမ်းချောင်းဘေး ဝါးရုံများမှာ
ချစ်စကား ခွန်းမဟ
တေးအလှ မသီဆို
ငိုကြပြီးကောကွယ်။

(၁၀)
ငါလေ
သူငယ်လေးကို နှုတ်ဆက်

ဟိုဒီ ပြေးကာ
ကမ္ဘာကုန် ခြေဆန့်
မတန့် မနား
လောကကို တိုင်တန်းသွားဖို့လေ။

ခရီးစတင် နှင်လိုက်ပြီ။

လူကလေးရဲ့ ဖေဖေ့ဆီ
လူကလေးအတွက် နာကျင်တတ်သူတွေဆီ
လူကလေးကို စာနာတတ်သူတွေဆီ
တရားမှု မြတ်နိုးသူတွေဆီ
မတရားမှု မုန်းသမျှ
မသာချ မြှုပ်နှံရန်
သုသာန်ပြင်နေသူတွေဆီ။ ။

**နိုင်ဝင်းဆွေ**

# မိုးမသဘူး

(၁)
ကျနော့်ကို
ရေထဲမှာ ဆွဲမြှုပ်ထားတဲ့အခါ
ခဏာတာလေးမှ ပြန်ဖော်မပေး။

ရွံ့နှစ်ရေတွေ
တိုက်ပြေး ဖြတ်ပြေး
အမှိုက် အညစ်အကြေး
ဒိုက်သရောနဲ့ သစ်တုံးဆွေးများ
ကျနော့်ခေါင်းကို တိုက်သွား ရိုက်သွား
ကျနော့်မှာ မူးချာလည်ရင်း
ယိမ်းထိုးခါနေ။

အသက်ရှူစရာ
လေဟာနယ် တကွက်မရှိ
ကိုယ့် ကိုယ်ခန္ဓာထဲမှာပဲ
လေကို ရှူသွင်း ရှိုက်ထုတ်။

"သူ့ရဲ့ကောင်းဆိုတာ
ကြိုးစင် အတက်၊ မျက်နှာ တကွက်
မပျက်စေနဲ့"။
တူရိုက်တဲ့အခါ၊ ထုရဲ ရိုက်နက်
ရဲရဲရိုက်ပုတ်၊ မတွန့်ဆုတ်နဲ့
စိတ်ကို အားပေးရင်း။

ကိုယ်ထဲမှာ
အသက်ဟာ
နေ့ကွေးစွာ လှည့်နေဆဲလား
"ကျနော် သေသွားပြီလား"
လွတ်မြောက်ရေးအတွက်
အသက်နဲ့ခသွး၊ ပေးလှူ စတေးထား
သွေးခင်းလမ်းထက်က
ပြည်သူ့တော်လှန်ရေးသမားလေ
"ကျနော် အသက်ရှင်နေဆဲလား"
မသေချာ မရေရာတော့ဘူး။

တရက် နှစ်ရက် သုံးလေးရက်
တလ နှစ်လ သုံးလေးလ
ရေထဲမှာ နှစ်မြှုပ်နေရ။

(၂)
ချိန်ခါတန်တော့လဲ
ဖုံးလွှမ်းရေများ၊ ကျသွား ထွက်ပြေး
မိုးမခပင်ဟာ
ရွံ့နွံထဲက ကုန်းရုန်းထ
လှပနေခြည်သစ်အောက်မှာ
ရွက်သစ်စိမ်းတွေ ဖါးလျား ဖြန့်ဝေ။

အနည်းအပါးတော့ ယိုင်နဲ့သွားခဲ့
အနည်းအပါးတော့ ညှိုးနွမ်းသွားခဲ့ရ
အနည်းအပါးတော့ ကျိုးပျက် ပဲ့ရွဲ့သွား။
"အသေးအနှုတ် အဖွံ့ကလေးတွေ
ရေက တိုက်စားသွားခဲ့၊ သွားပါစေလေ"
ဒဏ်ရာတွေနဲ့
ဒါပေမယ့် ပြုံးနေတဲ့မျက်နှာကို
မိုးထက်ဝဠာသို့ မော့လို့။

(၃)
လောကစာတတ်တခွင်လုံးမှာ
သစ်ပင်မှန်သမျှ
တရွက်မကျန် ကြွေကျ
ရိုးတံပြိုင်းရိုင်း သစ်ကိုင်းညွတ်ကိုင်း
တေဇာကသိုက်းမှာ
စိမ်းလန်းမှုများ လောင်ကျွမ်းသွားကြ
ကန္တာရတံလှပ်တွေ
မီးလျှံတွေလို မြူးကခုန်နေ။

အဲသည် နွေလည်ခေါင်မှာ
မြစ်ကမ်းယံ မိုးမတောန်းဟာ
အရွက်တွေ ဖားလျားချ
ဝေဆာပြလိုက်ရဲ့
အပွင့်ဖွေးဖွေး ဖွေးဖွေးလှုပ်လှုပ်။

နေခြည်ရဲ့ တံလှပ်ထဲမှာ
စိမ်းမြနဒီထက်က လေညှင်းကို
သီချင်းကလေး တဖွဲ့နှစ်ဖွဲ့
ကျနော် နှုတ်ခွန်းတော်ဆက်လိုက်ရဲ့။

နိုင်ဝင်းဆွေ

## ငွေ ... ရွှေ ... ရတု

အရွယ်
ပြည့်ဝန်းတဲ့ နှစ်လေးဆယ်ဟာ
တေးလေးတဖွဲ့
အမှတ်တရနဲ့ ကျနော်
ရေးဖွဲ့ခဲ့ဘူးရဲ့။

အဲသည်တုန်းက
ပြီးတော့လဲ အမှတ်တမဲ့နဲ့ပဲ
ပျောက်လဲပျောက်ကွယ် သွားဦးမယ့်
အချစ်မီးလေးတခဲ
ရင်ထဲမှာ စွဲငြိဆဲလေ။

အချစ်ကို ချစ်
အလှကို ချစ်
အနုပညာကို ချစ်သူရဲ့
အချစ်တွေ အုံဖွဲ့လို့။

"အမြိတ်နီးမြုနှင်းတွေ
မှိုင်းပြဲဝေနေတဲ့ ကာဝိုင်းတောင်မကြီးထိပ်က
ဝ ဒိုင်နယ်ရုံးကလေး ရှေ့မှာ
ကမြူး ခုန်ပေါက်နေတဲ့
အမွေးဖွား ခွေးကလေးနဲ့
ဆော့ကစားနေတဲ့ ကျနော်လေ"။

"အနုပညာကို ချစ်
ယုံကြည်ချက်ကို ချစ်
သစ္စာတရားကို ချစ်
လောကကို ငါချစ်တယ်
အချစ်ကြောင့်ပဲ ကွန်မြူနစ်လဲ ဖြစ်လာတယ်"။

အဲသည် တေးလေးတဖွဲ့
ကျနော် ရေးဖွဲ့ခဲ့ဘူးရဲ့။

၁၉၈၆
ကလောင်နှစ် နှစ်နှစ်ဆယ်
ပထမအရွယ်နေ့
ကျနော့်ရွံ့အိမ်ဖြူလေးရဲ့ နံရံထက်မှာ
ကျနော်က
"ဟင့်အင်း ... ညီအကိုတို့
အာဏာ
ငွေ
ကျော်ဇောခြင်းနှင့်
ရောင်းဝယ်ခြင်းမပြုမှုသော
အနုပညာရဲ့ ကြိုသီလတရားလို့
ကျနော် ကိုးကွယ်ထားတယ်"။

"ဟုတ်တယ် ညီအကိုတို့
တပိုးရဲ့တရား တပိုးရဲ့စကား
တပိုးရဲ့ အနုပညာနလုံးသား
ကျနော် ကိုးကွယ်ထားတယ်"။

"အင်္ဂလားပြည်ရဲ့ ခေါင်းဆောင်သစ်
ငါ မဖြစ်ချင်ဘူးတဲ့"။

"ဟုတ်တယ် ... ညီအကိုတို့
တကယ်လို့ နောင်ဘဝမှာ
လူပြန်လာဖြစ်ခဲ့ရင်လဲ
ကျနော်လဲလေ
လုံမလေးတွေ ထောပတ်မွှေရာ
ဘရိန္ဒာ တောအုပ်ထဲက
သော်ကပင်ရိပ်အောက်မှာ
ပုလွေကြူအေး
လောကအတွက်တေး
သီကုန်းပေးနေတဲ့
နွားကျောင်းသားလေးပဲ ဖြစ်ချင်တယ်"။

မနှစ်ကတော့
ဖလံတောင်ဇုံးများ ဖြစ်ထွန်းရာတိုင်းပြည်မှာ
မာနယ်ပလောရဲ့ သောင်ရင်းမြစ်ကမ်းမှာ
နွားကျောင်းသားလေးများ ဖွားသန့်စင်ရာ
စာသဘင်တေးကို သီကျူးတဲ့အခါ
တေးလေးတပိုဒ်
ကျနော်ရေးလိုက်ဘူးရဲ့။

သဲကန္တာရ မုန်တိုင်းထဲမှာ
နိုင်ငံရေးသမားအိုဟာ
တောင်ဇုံးကို ထောက်ကိုင်လို့
ဖယိုဖရဲ အပြိုပြို အကွဲကွဲ လူ့အုပ်ကြီးကို

(တချို့က နောက်ပြန်ပြေးနေရဲ့
တချို့က လူးလိမ့်ဒိုက်ကျွေးရင်း မြေပြင်ပေါ်မှာ
တချို့က ခိုလို ညည်းတွားလို့
တချို့က မျက်စိ စုံမှိတ်ရင်း
အားတင်း သီချင်းအော်ဟစ်လို့
တချို့က ဒေါသပေါက်ကွဲနေ
တချို့က တချို့ကို အတင်းဆွဲထူ
တချို့က တချို့ကို အားပေး
ကိုယ့်ကိုကိုယ်လဲ အားပေးလို့
တည်ငြိမ်ရင့်ကျက်တဲ့
သူရဲကောင်းတွေလဲ များစွာပါရဲ့။

သူတို့ကို တဖြေးဖြေး စောင့်ခေါ်ရင်း
အဖိုးအိုဟာမောပန်း နွမ်းလျနေလေရဲ့။

အဲသည်အခိုက်မှာ
ခေါဝင့်လိုက်တဲ့ တကိုယ်တော်သမားဟာ
လျှပ်စီးများနဲ့ ရောထွေးယှက်နေတဲ့ မုန်တိုင်းထဲမှာ
သူ့မြင်းကို ဇက်ကုန်လွှတ် ကဆုန်စိုင်းလို့
လူတွေ မမြင်တွေ့နိုင်သေးတဲ့
ဟိုး အဝေးက အနာဂတ်ဆီ
ဖြတ်ချီသွားလေရဲ့ ...
ရှေ့ဆုံးများရဲ့ ရှေ့ဆုံးကလူ
သူ အနုပညာသမားပေါ့။

အနုပညာ ဘုံမှာ
သေခြင်းကင်းစွာ ဇရာမရှိ
ထာဝရနေမို့
စိမ်းစိုနေတဲ့ အလှနဲ့သစ္စာ
ပရမတ္တအချစ်နဲ့ ရွှန်းသစ်မှု
အော်
ကျနော့်ရဲ့ အနုပညာတောင်မှ ငွေရတုမြောက်ခဲ့ပါပေါ့။

သည်နေ့မှာ
"သန်းဆွေ၊ ခင်နှင်းယု
မင်းသုဝဏ်၊ မင်းဏီ
မမလေး(ဂျာနယ်ကျော်)
ကျနော့်ရဲ့ တေးသမားဘဝကို
မွေးဖွား သန့်စင် ပေးခဲ့သူ
ဆရာအဆူဆူနဲ့ ဟဲမင်းဝေးအား
နှလုံးသားမှ မြတ်နိုး
ရှိကျိုး မာန်လျှော့ ဖြေလျှော့
ကျနော် ကန်တော့၏"။

အော် ...
ကျနော်တောင်မှပဲလေ
ရတုမြစ်ရဲ့ ဖှိမြစ်စိမ်းလန်းမှု
ငွေသားထု ပြင်ကျယ်ထက်မှာ
( ဘယ်လောက်များ လှပ တောက်ပ နေလိုက်ပါသလဲ)
အရွယ်ရဲ့ ငြိမ်သက်မြိမြိမှု
ရွှေနေခြည်များ ဆွတ်ဖြန်းထားလိုက်ပေါ့။ ။

နိုင်ဝင်းဆွေ
၁ - ၄ - ၉၁

# တတ်တော်ချိန့်မှာ

မခွဲရက်ဘူး
မထားရက်ဘူး
မပစ်ရက်ဘူး
တပ်မှူး ဒဏ်ရာရတော့
တပ်ကို အမြန်ရုပ်ပေမယ့်
သွေးဆုတ်လို့ ကျဆုံး
ကျုပ်တို့ နှလုံးသားတွေ ကွဲသလိုပါ။

အချိန်ကလဲ မရှိ
မြေကလဲ ကျောက်သားပကတိနဲ့
ရသမျှ တောပန်းအစုံနဲ့
တပ်မှူးကိုယ်ပေါ် စုပုံလို့ထားခဲ့တယ်။

မခွဲရက်ဘူး
မထားရက်ဘူး
မပစ်ရက်ဘူး
တပ်မှူးရဲ့ဘဝ ပန်းလိုလှပါတယ်
တပ်မှူးရဲ့သွေး ပန်းလိုမွှေးပါတယ်
ပန်းကို လူတွေ အစဉ်ထာဝရမြတ်နိုးသလို
သင်ဟာ အနာဂတ်တန်ဘိုးပါ။ ။

ကျော်အေး

# တော်လှန်ရသော အနုပညာရှင်

အနုပညာ
ကဗျာ ဂီတ၊ စာအလှနှင့်
ဘဝ နစ်မွန်းလိုပါသည်။

သုခမကို၊ ဘဝလဲတည်
ပီပီပြင်ပြင်၊ ဖြစ်စေချင်သည်
သို့လျှင် ဆန္ဒရှိပါသည်။

အလှကိုရှာ၊ သစ္စာကိုဖွေ
တွေးခေါ်စေသည့်
အဖြေမှန်ကို သိလိုသည်။

ပန်းပု ပန်းချီ၊ စာနုသီ၍
တည်ကြည်အေးငြိမ်၊ ဖန်မီးအိမ်နှင့်
သိမ်သိမ်မွေ့မွေ့ နေလိုသည်။

ယခုအခါ
စာဆိုမှာလျှင်
ကာဘိုင်ကိုလွယ်၊ ကျည်ကိုသယ်၍
တောနယ်အနှံ့၊ ခြေရာဆန့်ပြီး
တော်လှန်အရေး၊ သက်ကိုပေးသည်
ကံကြွေးမည်သို့ ဖန်လာပုံ။ ။

ရဲကျော်သူ
၅-၃-၇၁

# မဟူရာသဝဏ်

ဗိဿနိုးက
နှိုးထခဲ့ ခုခံစစ်
ချစ်မက်တယ် ပန်ထွာ။

ပျဉ်းမနားက
မသိန်းရှင်ရဲ့၊ နေရှင်သရုပ်
စက်ဆုပ်တယ် ညိုညို။

ဘဝစာမျက်နှာ
ကဗျာပြဋ္ဌာန်းချက်၊ မနက်ဖန်
ရေဆန်လမ်းက၊ ပန်းရိုင်းတစ္ဆေ
ကမ္ဘာကြေသော်လဲ။

ကြေးနီရထား
ရေးသွား အနုပညာ၊ စာပေ ကျေးဇူး
ရှူးနစ် လွမ်းမြေ့၊ အောက်မေ့ ဆင်ခြင်။

နိုင်ဝင်းဆွေ ဘာလဲ... ဘယ်လဲ
နမျောကြေကွဲ၊ မျက်ရည်ဝဲခိုက်
တိုက်ပွဲခေါ်သံ၊ ကြားရပြန်ပြီ
ကြယ်နီလင်းရိပ်
ဖိတ်လက်ဝင်းပ၊ စစ်တလင်းည
ကိုယ်ထင်ပြခဲ့လေသလား။ ။

မောင်လွမ်းဏီ
၂၅-၁၂-၉၆

## သေတမ်းစာ

အလင်းကို ပေးဖို့
မီးဟာ ထင်းကို စားသလိုပေါ့
အားလုံးကို လင်းဖို့
တို့အသက်တွေ ရင်းခဲ့တယ်လေ။
ငါ့သူငယ်ချင်း
ရဲဘော်တဦး
ခေတ်တခေတ်ကို မြင်ဖူးချင်လို့
နေလုံးတူးဆွ
သွေးတွေစွန်းထင်းတဲ့ ဝတ်စုံတစုံ
ရခဲ့တယ်။
မနေ့ကလေ
အောကော သေနတ်၊ သူဖြုတ် တပ်ဆင်
တသသ ရောင်တင်သုတ်ခဲ့တယ်။
မနေ့ကလေ
ညနေ နီကျင်၊ ကင်းကျစဉ်က
ခပ်ဝေးဝေးမြို့ပြ၊ မှောင်ရီကျစဉ်
မီးစတင်လင်း၊ ထမင်းဝိုင်းမှာ
သူ့မိဘတွေ၊ ဖွန်းလက်ဆုံတိုင်း
ဘာပြောလေမလဲ
သူ ခပ်တွေတွေနေခဲ့တယ်။
မီးခိုး ဖုန်လုံး၊ ဗုံးသီး ကွဲမြောက်
မောင်းပြန် ပေါက်ထွက်၊ အတွဲဆက်တွေ
ဆူပွက် အော်ဟစ်၊ ပစ် ပစ် ပစ်ကြ
ဖောက်ပြန်သူတွေ တို့ပစ်ရမယ်
ဒါ တော်လှန်စစ်ရဲ့နိယာမလေ။

ဖါ့သူငယ်ချင်း
မင်း အားတင်းပါ
မင်း ဘာပြောမလဲ
မင်း ဘာမှာမလဲ
နေမင်းကို သဲတွေဖြိုဖို့မိကြ
မှောင်မိုက်ခဲ့ရပေါ့။
သူဟာ
သူ့ခေါင်းတပ်ပုံကို
ကျွန်ုပ်တို့ ယုံကြည်ချက်ပေါ်မှာ ချိတ်ပါ၊
သူ့ခေါင်းတပ်ပုံကို
ရုပ်ရှင်ရုံမှာ အလေးပြုပါ၊
သူ့ခေါင်းတပ်ပုံကို
ရေစာရုပ်စုံ ငွေကြေးစုံမှာရိုက်နှိပ်ပါ၊
သူ မှာမသွားခဲ့ဘူး။
သူဟာ တိတ်တိတ်ဆိတ်ဆိတ်
အိပ်စက်သွားခဲ့တယ်။
မှတ်တမ်းငယ်ငယ် တအုပ်ထဲမှာတော့
(ရက်ပေါင်းနှစ်ဆယ်ကျော် ဖျားနာစဉ်
ဘာမှ စားလို့မဝင်ဘူး
မမေ့ချဉ်ရည်ဟင်းတခွက်
ညက အိပ်မက်တယ်လေ)။
ဒွာနချုပ်ကိုပေးမယ့်
ကြေးနန်းစာရေးစဉ်
ကျနေ့လက်တွေ တုန်ယင်နေခဲ့တယ်လေ။ ။

ယောဟန်အောင်

# ရေပွက်တရား

သုဓ္ဓာန် ဓမ္မ
ရေပွက်ထ တရား
နိဗ္ဗာန်သွားသူ အဖို့
အတူပါ လွယ်အိတ်တလုံး ဖြစ်ခဲ့တယ်။

ဆရာက
စာဆိုညထဲမှာ
အစိမ်းပုတ်ထူထူ မိုးမခ
မိုးကျ နွေခ
အာဂ အလံထူခနပုံ ယောပြ
ဓားတဖြုတ် ကြားလိုက်ရ။

အဲ့ဒီ သီဝရီဟာ
လက်တန်ပျက် နာရီနဲ့မတူဘူး
သတ္တရာဇ် နစ်ထောင် ပြီးတော့
ခနာက်ထပ် နစ်ထောင် နစ်ခထောင်
တထောင့် တည ပြောလဲမကုန်ဘူး
ဒေါသသင့် စုတ်ချက်ကြမ်းကြမ်း
ပန်းချီဆရာ ရမ်းထားတာနဲ့ မဆိုင်ဘူး။

အဲ့ဒီ သီဝရီဟာ
ဥတုသုံးပါးထဲမှာ
သန့်စင်အဘိဓမ္မာအပြည့်နဲ့
မိုးကောင်းကင်ကြီးတခုအလား
ကျုပ်တို့ ခရီးသွားများအဖို့ အားဆေးဖြစ်ခစေတယ်။ ။

*လွတ်မြောက်နယ်မြေ ပထမဆုံးစာဆိုတော်နေ့*
*ဆရာ့ဟောပြောချက် အမှတ်တရ*
ဘိက္ခုရာဇဏ္ဍုန္တ *(ABYMU)*

# ဆည်းဆာတွေလဲ ကြေကွဲဝရာ

(၁)
ရေကိုလဲ ဆန်ရ
လေကိုဆန်ပြီး
ပြန်ကာသန်းကာ
ဝေးလှင့်ရှာပြီ
ဆည်းဆာချစ်သူ ပန်းချစ်သူ။

မဟူရာခမ္ဘာ
ပန်ထွာဘုရင်မ
သျှိဝမ္မိစား
နှလုံးသားပုံပြင်
ရင်ခုန်ချင်ခဲ့
'မသိန်းရှင်...' မှာ "အညို"
ကိုနိုင်ဝင်း ကို 'နိုင်ဝင်းဆွေ'ဖြစ်စေခဲ့
ပန်ထွာဘုရင်မဟာ
ရန်တကာကြောင့်
တိမ်းကာ ရှောင်ကာ
ဆုတ်ရရှာရင်း
ဂူအတွင်းမှာ ဆုံးရရှာတယ်။

အညီဟာ
ပြေးကာလွှားကာ
ရှန်းကန်ရှာရင်း
ရထားနင်းချေ
ဝိဉာဉ် ကြွေတိ
"မြေ" ပါမှာကို ကြောက်ရှာတယ်။

ခင်ဗျားဟာ။

(၂)
"နေ့တည"
"အချစ်ည"
"ညအာသချိမှာ"
ညတွေအကြောင်း
သွန်းလောင်းပုံဖေါ်
မေ့လျော့တသ
"မြစ်ပယ်ရုံ"
အာရုံခေါ်နှိုး
"နိုးတဝက်အိပ်မက်"
"ဘဝစာမျက်နှာများ"။

တရားအသစ်၊ တဆစ်တွေ့ချိုး
ရှေ့ကို တိုးလှမ်း
"ရေဆန်လမ်း" ဆီ
"တောင်ရိုင်းပေါ်က တေးပန်းချီ"။

(၃)
အစုတော့လေ
မြူခြေဆိုင်းဆိုင်း
တောင်ရိုင်းတွေပေါ်၊ လှိုင်းတွေပေါ်မှာ
လယ်ကွင်းတွေပေါ်၊ ပန်းခင်းပေါ်မှာ
နှင်းတို့ဖြာချိန်
ထာဝရပင်၊ ခရီးနှင်ပေ့ါ
နှုတ်ဆက်ချင်သူ လွမ်းမိတယ်။

ရဲဘော်ကြီးရေ
ဆည်းဆာတွေလဲ၊ ကြေကွဲစရာ
ညလွှာရိပ်တိုး၊ အမှောင်စိုးဆဲ
တမိုးချုပ်တာ မြန်လှတယ်။ ။

ဝင်းတင့်ထွန်း

# သွေးစက်တွေ

သမိုင်းမှာ
စာတိုတပိုဒ်၊ မှတ်တိုင်တရပ်
ခေတ်ပုံတပြ၊ မချန်ရနိုင်
မပိုင်ဆိုင်လဲ
နိုင်ငံကိုချစ်၊ ပြည်သူချစ်တဲ့
တကယ့်ဇာနည်၊ အာဇာနည်တွေ
အမိမြေတွက်၊ အသက်ကိုစွန့်
ဘဝစွန့်ကြ၊ ပြသွားကြပြီ
ကြည့်ကြ ကြည့်ကြ ကြည့်ကြပါ။

ပေတာရာပေါ်၊ လမ်းမပေါ်မှာ
အာဇာနည်တွေ သွေးစက်ဝေလျက်။

အကျဉ်းထောင်ထဲ၊ အချုပ်ထဲမှာ
ဂတ်ထဲ ရုံးထဲ၊ ငရဲစခန်း
ညှင်းပန်းပေါင်းစုံ၊ အဖုံဖုံထဲ
နှောင်အိမ်ထဲမှာ
အာဇာနည်တွေ သွေးစက်ဝေလျက်။

တောထဲ တောင်ထဲ၊ လျှိုမြောင်ထဲမှာ
မိုးထဲ ရေထဲ မုန်တိုင်းထဲမှာ
အာဇာနည်တွေ သွေးစက်ဝေလျက်။

အာဇာနည်တွေ၊ အာဇာနည်တွေ
သွေးစက်ဝေလျက်၊ တိုက်ပွဲဆက်ရင်း
အသက်ကိုပေး၊ ဘဝပေးခဲ့
မငဲ့ကိုယ်ကျိုး၊ မမျှော်ကိုးပဲ
အသေရဲလှ၊ ပြသွားကြတဲ့
အညတြဇာနည်၊ ပြည်သူ့သူရဲကောင်း
အပေါင်းပေါင်းကို
ပြန်ပြောင်းတသ ဦးညွတ်ကြပါ။

သစ္စာမဖောက်၊ လမ်းမပျောက်နဲ့
လမ်းပျောက်သူကို၊ ကျိန်စာဆိုလိမ့်
ဟိုမှာ ဒီမှာ သွေးစက်တွေ။ ။

အောင်ဝေ

# ဂုဏ်ထူးဝင်လက်များ

သူယုတ်တို့ လက်
ရေစက်ချ၍ အမျှဝေပါ
သာဓုခေါ်သံ မကြားရ။

သူကောင်းတို့ လက်
ရက်စွဲရေးထိုး လူ့တန်ဘိုးကို
ကျမ်းကိုးပြုစု ပေးခဲ့လိမ့်။

ပြည်သူချစ်သော
အနုပညာရှင်ရဲ့ လက်
ကြိုးစင်ထက်တင်၊ အရှင်လတ်လတ်
သတ်ဖြတ်ခုတ်ထစ်၊ သေလွန်ရစ်လဲ
ချစ်သောကမ္ဘာမြေ
မျက်ရည်လည်ရွဲ၊ ပန်းတွေကျဲ၍
သိမ်းဆည်းထားမည် ရင်မဆန့်။ ။

ခွန်ဆွေလင်း
၂၈-၁၂-၉၆

# ရိုးမချစ်သူ

(၁)

"ကြေကွဲမှုအား
အင်အား အဖြစ်
ပြောင်းလဲပစ်ကြ"
ထားရစ်တရား၊ မမေ့ငြားလဲ
တားဆီးမရ၊ မျက်ရည်စနဲ့
ရိုးမတောင်ညို၊ ရိုးမငိုပြီ။

မြယာတောလဲ၊ ရှိုက်မော ပင့်သက်
မျက်ရည်စက်နဲ့၊ ခပ္ပဖက် နမ်းရှုံ့
ခေါင်းကိုငုံ့ကာ၊ ဦးညွှတ်ရှာပြီ။

ရိုးမရပ်ဖွား၊ ရိုးမသားကို
ရိုးမကြိုရှာ၊ ကြေကွဲစွာဖြင့်။

သခင်သန်းထွန်း...တဲ့
မော်ကွန်းအစဉ်၊ ကမ္ဘည်းတွင်ရစ်
ရိုးမချစ်သူ
လူထုခေါင်းဆောင် အာဇာနည်။

ကျောက်တိုင်ထူစိုက်၊ ပန်းခြံစိုက်ပြီး
ကမ္ဘည်းမဆင်၊ စာမတင်လဲ
ဝမ်းနည်းလိမ့်မည်မဟုတ်ပါ။

ရိုးမတောင်သည်၊ အာဇာနည်ရဲ့
တကယ့်ကျောက်တိုင်၊ မော်ကွန်းတိုင်ပေါ့
မယိုင်မပျက် ထာဝစဉ်။

ရိုးမတကြော၊ ရိုးမတောသည်
အာဇာနည်ရဲ့၊ တကယ့်ပန်းခြံ
ဥယျာဉ်မှန်ပေါ့
ရှင်သန် ဖူးပွင့် ပန်းပေါဝန်။

ရိုးမတောင်တော၊ မပျောက်ကောသမျှ
ထာဝရ အနီ၊ အာဇာနည်အတွက်
မပျက် စိမ်းမြ၊ ရိုးမ ကျောက်တိုင်
မော်ကွန်းတိုင်သည်၊ ခိုင်ခိုင်မတ်မတ်
မြေမှာရပ်လျက်။

မပြတ် စိမ့်စမ်း၊ ရိုးမ ပန်းခြံ
ဥယျာဉ်မှန်သည်၊ ရာသီဆယ့်နှစ်လ
မပြတ်ရစေ၊ ဖူးပွင့်စေလျက်
မပြတ်နေ့စဉ်၊ ပန်းစုံဆင်သ
ပန်းခွေရျဆဲ။ ။

လှမြင့်

# အလေးပြုကြပါစို့

(၁)
ဦးခင်မောင်မြင့်
ရဲရင့်နီမြ၊ ဂုဏ်ပြောင်လှသည့်
ဘဝသန့်စင် အိုကြယ်စင်။

ကြယ်စင်သည်ကား၊ အမှောင်ကြား၌
မွေးဖွားလာရ၊ ပေါ်ခဲ့ရလည်း
ညအားခွင်းဖေါက်၊ တမိုးသောက်ရေး
ဘဝပေးပြီး၊ သွေးနှင့်ညွှန်ပြ
အလင်းငှခဲ့
ကျရာနေရာ၊ ရောက်ရာအရပ်
ပွဲတင်ထပ်အောင်၊ အားမာန်ဆောင်ရင်း
အမှောင်ကိုဖြို၊ အမှောင်ဆိုတိုက်
အမိုက်တိမ်လွှာ၊ တိမ်တကာကို
ကျေညာစစ်ဆင်၊ ခရီးနှင်ခဲ့
ကြယ်စင်တာဝန် ကြေခဲ့ပါပေပြီ။

(၂)
မိုးမသောက်သေး၊ ရောင်နီဝေးဆဲ
သွေးနဲ့လိမ်းကျံ၊ သည်ညယံ၏
တေးသံသုဉ်းဆိတ်၊ အမှောင်ရိပ်ဝယ်

မမေ့မှိတ်ချင်၊ လင်းလိုက်ချင်လည်း
ကြယ်စင်တပွင့်၊ ဒဏ်ရာဆင့်ခဲ့
ရင်နင့်စရာ၊ ကြွေရပါပြီး
ဘယ်ခါဖြေသိမ့်၊ ရနိုင်ချိမ့်အံ့
မဆန့်ရင်မှာ၊ ဝေဒနာဖြင့်
ခါခါဂုဏ်ပြု၊ အလေးပြုလိုက်
ဦးညွှတ်လိုက်သည်
သောင်းတိုက်ကမ္ဘာတည်ပါစေ။

ဪ... ကြယ်စင်တပွင့်
ရင်နင့်စရာ၊ ကြွေရရှာပြီ
မဟာမြေပြင်၊ ကမ္ဘည်းတင်လျက်
ကြင်နာလှစွာ၊ ထွေးပိုက်ပါလော့
ဇာနည်သားကောင်း သူရဲကောင်း၏
အလောင်းကိုယ်မပေါ်၊ သွေးစက်ပေါ် ၌
စိုက်ထူသိမ်းထုပ်၊ အလံအုပ်ရင်း
ကမ္ဘာချဉ်းတိုင်၊ သူ့မှတ်တိုင်ကို
ဆုပ်ကိုင်စံပြု၊ အလေးပြုကြ
ဦးညွှတ်ကြလော့
ညကိုခွင်းဖောက်၊ ဆက်လက်လျှောက်ရင်း
မပြောက်ကြယ်စင်၊ မြတ်ဝိဉာဉ်ကို
အစဉ်ထာဝရ ဂုဏ်ပြုကြပါစို့။ ။

နီမြင့်

# ပိတောက်တွေ
# ရွှေရည်လူးတဲ့အချိန်

ရဲဘော်လေးမောင်
ရင်နှင့်အောင်လှမ်း
ရေဆန်လမ်းမှာ
တိုက်ရင်းကျဆုံး
အသက်ရှုံးလဲ
မြေမြှုပ်ပုံးလို ထားခဲ့ပြီ။ ။
မြင့်သစ်

# သားရဲ့အဖေ

ခေါင်းလိမ်းဆီ အရွှဲသား
ပါးကွက်ကြားလေးနဲ့
မင်း ကျောင်းစတက်တော့
အဖေကလဲ တပြုံးပြုံး
အမတွေကလဲ တရှန်းရှန်းနဲ့
ငါ့နှလုံးသားမှာ ကြည်နူးလို့မဆုံးခဲ့ဘူး။

ကျောင်းမှာစာတော်လို့ ဆရာတွေကချစ်
နှစ်စဉ်တိုင်း ဆုတွေရ
တို့တတွေ ကြားလို့မဝခဲ့ဘူး
အဲ့ဒါ မင်းငယ်စဉ်တုံးကပေါ့ ထွန်းအုံ
တက္ကသိုလ်နှစ်တွေမှာတော့
အိမ်ရောက်ချိန် မှုမမှန်
ပြန်လာရင် စာတအုပ်နဲ့
တကုတ်ကုတ် ဖတ်တော့တယ်။

ဘွဲ့ရပြီးချိန်မှာ
အဖေ့အရှိန် အမေ့အရှိန်နဲ့
ဂုဏ်သိမ်ရှိတဲ့အလုပ် လုပ်ပါဆိုတော့
"သူ့ကိုပညာတတ်လို့မပြောပါနဲ့ ရှက်လို့ပါ" တဲ့
"လမ်းဘေးကစာအုပ်တန်းမှာ
ကျဘမ်းပဲ လုပ်စားမယ်"တဲ့
လက်ဖျားနဲ့တောင်မထိရက်ခဲ့တဲ့
အဖေကြီးက စိတ်တွေဆိုး၊ ခါနဲ့မိုးကြိမ်းခဲ့ပေမယ့်
ကွယ်ရာမှာ မျက်ရည်တွေနိုးကျနေရတာ
နင်သိရဲ့လား ထွန်းအုံ။

ဖတ်လိုက်ရတဲ့စာတွေ၊ မှတ်လိုက်ရတဲ့စာတွေ
အိမ်မှာ သူ့ထက် တတ်တာ မရှိဘူး
အသိခေါက်ခေါက် အဝင်နက်သူရဲ့
ဖါ့မှာ သားဆိုလို့
မင်းတယောက်ရှိတာ မသိလေရော့သလား
ဟင်းကောင်းချက်ထားလဲ သူမစား
ထမင်းကိုဆိတ်ဆိမ်းပြီး ဖေါ်ကြမ်းကြမ်းဆားတွေဖြူး
ဂမ္ဘီရှူးထိုး စားလေတော့
မင်းရှုးပြီးလို့ တို့ကထင်
မင်းဘဝင်မှာတော့ လေ့ကျင့်တာပေါ့လေ။
မင်းကို ခေါ်သွားကတည်းက
ဖါ့မှာ နေ့နဲ့ညတွေမှား
ကားသံတွေကြားရင် လန့်နိုး
ခြေသံတွေကြားရင် လန့်နိုး
တံခါးခေါက်သံတွေကြားရင် လန့်နိုး
ဖါ့ရင်တွေ ကျိုးခဲ့ပြီ။

အခုတော့ လေ့ကျင့်လို့ရသေးသလား
ပြန်ရှင်လို့ ရသေးလား
ထကြည့်စမ်းပါအုံး ထွန်းအုံရယ်
မင်းချစ်တဲ့သူငယ်ချင်းတွေ လာနေကြပြီလေ။ ။

လင်းထက်ငြိမ်း

# ငယ်ပေါင်းဖော် ချစ်ရဲဘော်သို့

သတိရလိုက်တာ
ငယ်ကတည်းက လက်တွဲလာ
အရိပ်ပမာ မခွဲ
မိုးသဲသဲ နေပူပူ
မငြူစူ စိတ်မညစ်
သိပ်ချစ်တဲ့ ငယ်ပေါင်းဖော်
အို … ချစ်ရဲဘော်။

မင်းဟာလေ
ရဲရင့်ခြင်း၊ ဖွဲ့ရှိခြင်း
သစ္စာရှိခြင်း
ဖြောင့်မတ်ခြင်းရဲ့ ရှေ့ဆောင်
တောက်ပြောင်တဲ့
တကယ့်အနီရောင် ကြယ်တပွင့်ပါ။

ခုတော့လဲကွာ
မင်းနဲ့ ငါ
ခွဲခွာဖို့ အကြောင်းဖန်
တောင်နံရံမှာ မင်းမှေးအိပ်
တဆိတ်လောက် နားလိုက်ဦးပေါ့။

ချစ်ရဲဘော်ရေ
မင်းတာဝန် ကျေပြီလေ
ငါမှာသာ။ ။

ရဲဟိန်း

## ကျမ မှာလိုက်ပါရဝေ

(၁)
ဒီမှာ ကိုရင်
တော့် ခရီး တော်ဆက်
တော့် အလုပ် တော်လုပ်
နောက်ဆုတ် ငဲ့မကြည့်နဲ့
မွဲမွဲတေတေ၊ စုပ်စုပ်ပြတ်ပြတ်
ကျမ ရပ်တည်နိုင်ပါတယ်။

ရှင့်သမီးနဲ့ ရှင့်သား
ကျမ ကျွေးထားနိုင်ပါတယ်၊
အမေ့ဝတ္တရား
မကျေပွန်ဘူးလို့များ
ရှင့်သားနဲ့ ရှင့်သမီး
မငြီးငြူစေရဘူး
စိတ်ချလက်ချသာ ခရီးထွက်
ကျမ ထန်းလျက်ချက်တတ်တယ်။

ဒါနဲ့ ရှင်သွားရင်
ပင်နီအကျီ၊ လုံချည်ဖျင်ကြမ်း
အပိုတထည် ထည့်သွား
တိုက်ပုံတော့ ယူမသွားနဲ့ပေါ့
ပြေးဟဲ့ လွှားဟဲ့
ကျားကျား လျားလျား
သွားရမယ့် ခရီးဝေး
နုံ့နုံ့နေးနေး၊ လေးလေးတွဲ့တွဲ့
မနေနဲ့ပေါ့
တော်က ခတ်အေးအေးသမား မှတ်လား။

(၂)
ဒီမှာ ကိုရင်
ထန်းတက်သလို
လမ်းတဝက်မှာ မနားနဲ့
ရှင့်ခေါးကို အမြဲသွေး
တွေးတွေး ဆဆ
ဝိရိယ သတိ အမြဲရှိပါစေ
အရှုံးအကြောက်နဲ့
ဒူးမထောက်ခဲ့ပါနဲ့
အတွေးနှေးလို့
သွေးမပျော့ပါစေနဲ့
ရှင့်သား ရှင့်သွေး ရှင့်ကလေးတွေက
"ဒါမှ တို့အဖေကွ"လို့
ဂုဏ်ယူကြရပါစေ။

သေတနေ့ မွေးတနေ့
ပြန်တွေ့ကြဦးမယ်လို့
ကျုမ မမျှော်လင့်ပါဘူး
ရှင့်ကို မချစ်လို့တော့ မဟုတ်ဘူးနော်။

(၃)
ဒီမှာ ကိုရင်
ရှင့်ခရီးက ပုပ္ပါးတောင်ထက် ကြီးမြတ်တယ်၊
ရှင့်ရပ်တည်ချက်က
ထမ်းလိုးခေါင်းထက် ပြတ်သားတယ်၊
ရှင့်သဘောထားက
ပဏ္ဏမြားထက် တန်ဘိုးကြီးတယ်၊
ရှင့်ဇနီးကျမ သိသမျှပြောပါတယ်။

ကဲ… ကျမ နေရစ်ခဲ့တော့မယ်
လူမမယ် ရှင့်သား
နို့များဆာနေရော့မလား
သွားလေ တော်သွား
သွား
ကျမ မျက်ရည်ကျတော့မယ်။ ။

ချောအိမော်

# မီးလောင်ချောင်း

မီးလောင်ချောင်းတွင်း
ပန်းနံ့သင်း
သင်းတယ် ဟေ့ သင်းတယ်။

မီးလောင်ချောင်း
ပန်းပေါင်းစုံမျော
မျောတယ် ဟေ့ မျောတယ်။

ပန်းစုံပေါ်တဲ့၊ မြသားကြည်လင်
ချောင်းရင်ပြင်မှာ
တိမ်မမြင် မိုးမဆင်ပဲ
ဂယက်ထိုးဖောက်၊ ရေကြည်နောက်
နောက်တယ် ဟေ့ နောက်တယ်။

ငှက်အုပ်လန့်ပျံ
တောလုံးညံ
ညံတယ် ဟေ့ ညံတယ်။

သားကိုချီပိုး၊ ကျည်ကိုထိုး
စစ်ဆိုးလူမိုက်၊ ခုံတိုက်
တိုက်တယ် ဟေ့ တိုက်တယ်။

မီးလောင်ချောင်း
ပန်းတို့လဲနီ
ရေလဲနီ
နီတယ် ဟေ့ နီတယ်။ ။

ကိုစိုးဝင်း

## ငြိမ်းချမ်းစွာ အိပ်စက်နေပါလေ

ပုပ္ပါးတောင်ခြေမှာ
သူ့ရွာ ရှိနေရဲ့
ပုပ္ပါးတောင်အနီးမှာ
ရှုမငြီးတဲ့
ချစ်ဇနီးနဲ့သား၊ သူချန်ထားခဲ့
သူ့မြေမှာ၊ သူ မနေသာခဲ့
အရှေ့ရဲ့ခေါ်သံ
သူနာခံခဲ့။

ညီအကိုတော်တွေနဲ့
သူအနေ ပျော်ခဲ့ပါရဲ့
ရိုးသားမှုနဲ့ နေတတ်သူ
ပွင့်လင်းတဲ့သူ
အလုပ်ကိုမြတ်နိုးသူ
အဆိုးဆုံးတွေကြားမှာ
နေသားကျတတ်သူ
လက်ရဲ ဇက်ရဲ
အမျက်ထွက်ခဲသူ
တကယ်တော့ သူဟာ
အမှန်တရားမှာ ပျော်မွေ့သူပါ။

ဆောင်းမပြောင်း နွေမကူးမီ
ပေါင်းလောင်းမှာ နေဦးမယ်တဲ့
အစားအသောက် ဆင်းရဲပေမယ့်
ခေါက်ကောက် 'ချင်း' ဆဲပါတဲ့။

သူ့နှစ်မှာရင် သွေးသားသစ်တို့အတွက်
သူ့ရာဇဝင် ရေးထားရစ်ခဲ့မယ်တဲ့
ဒဏ်ရာအကျက်မှာ
ရန်တကာ သူထွက်တိုက်ဦးမယ်တဲ့
ပေါင်းလောင်းချောင်းနားမှာ
သူဖျားနာနေပေမယ့်
ဆင်သေတောင်ခြေမှာ သူအနေကြာပေမယ့်
မိုးကျရင် ရိုးမကူးမယ်တဲ့။

မျက်လုံးအကြည်ခေတ်မှာ
ပြတ်သားမှုတွေနဲ့ သူ
သတိမလွတ် ဦးမညွတ်ခဲ့သူ
အခုံးထွက်သက်မှာ
အပြုံးမပျက်၊ ကြိုးဝါးချက်နဲ့သူ
ဝိဥာဉ်အလွှင့်မှာ၊ ကြည့်မြင်တာ မစွန့်ခဲ့သူ
နွှောကိုယ် အိုးစားအကွဲမှာ
ရန်တကာဖြို၊ အညှိုးထားရဲခဲ့သူ
အခု... သူ
ဒဏ်ရာဒဏ်ချက် တနင့်တပိုးနဲ့
ပေါင်းလောင်းမြစ်ရိုးတလျှောက်မှာ
သွေးသောက်ညီနောင် နှစ်ယောက်နဲ့အတူ

အင်အားချင်း မမျှတဲ့
သုံးယောက်နဲ့ တခွဲ
အဲဒီနေ့က တိုက်ပွဲမှာ။

ခေါးကိုခေါးနဲ့ ၊တုံ့ပြန်ခဲ့ကြ
လှံကိုလှံချင်း၊ တုံ့နှင်းခဲ့ကြ
မြင်းကိုမြင်းချင်း၊ စီးချင်းထိုးကြ
သွေးချင်းချင်း အံထွက်
ပုပ္ပါးမီးတောင် ထပွက်သလို
လျှံထွက်
ပေါင်းလောင်းရေပြင်ထက်မှာ
အနီရောင်လက်စေခဲ့တယ်။

ပုပ္ပါးတောင်ထိပ်မှာ
ဝိဥာဉ်တို့အိပ်စက်နေပါပြီ၊
ပုပ္ပါးတောင်ကလပ်မှာ
ရာဇဝင်ကမှည်း ကပ်ခဲ့ပါပြီ၊
အဆုံးအဖြတ် နောက်ဆုံးတိုက်ပွဲမှာ
စိတ်ဓာတ်နိုင်မာ မပြိုလဲခဲ့တဲ့ ဝိဥာဉ်တို့
အစဉ်ထာဝရ
ငြိမ်းချမ်းကြပါစေ။ ။

ထွန်းခိုင်

# ပင်လယ်

ပင်လယ်ပြင်မှာ ဆည်းဆာချိန်ဟာ အလှဆုံးပါ။
ဆည်းဆာချိန် တိမ်တောက်ရင်
အိမ် ဘယ်လောက်ပင်ဝေးဝေး လွမ်းဆွေးရပါတယ်။

ကျနော်လဲ လွမ်းတယ်၊ သူလဲ လွမ်းပါလိမ့်မယ်။

သူ့နာမည်က မောင်မျိုးခင်တဲ့
ဒါပေမယ့် အဖေတကွဲ အမေတကွဲမို့
ရွာထဲကို သူပုန်ဝင်တော့
မြင်မြင်ချင်း ချစ်တဲ့စိတ်နဲ့
လိုက်ခဲ့တော့ မောင်မျိုးခင်။

ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း
ကင်းစောင့် ဟင်းရှာ၊ ထင်းခြောက်ကောက်
ဒီလိုနဲ့ တမိုးသောက်လိုက်တော့
မျှစ်ရိုးပေါက်လိုကြီးလာခဲ့ပြီ မောင်မျိုးခင်။

ချောင်းဝကနေ ပင်လယ်အထွက်
သူများတွေ သေနတ်ကိုယ်စီနဲ့
ဟန်ချီချီ လှေပေါ်အတက်မှာ
သေနတ်တလက် ကိုင်ပါရစေဆိုတော့
မင်းအရပ်ပုသေးတယ် မျိုးခင်
ထမင်းအိုးတွေသာပြင်တဲ့။

ပင်လယ်ထွက်လိုက်၊ ထမင်းချက်လိုက်
တောင်ပေါ်တက်လိုက်၊ ထမင်းချက်လိုက်
ကင်းစောင့်လိုက်၊ ထမင်းချက်လိုက်
ပျော်နေလိုက်တဲ့ မောင်မျိုးခင်။

တနေ့တော့ တောတွင်းကို ရိက္ခာယူအသွား
ထောင်ထားတဲ့ ကိုယ့်ရဲ့မိုင်းက
ခြေတဖက်ကို အပိုင်းပိုင်းဖြတ်လိုက်ပြီ။

မောင်မျိုးခင် ဘယ်သွားမလဲ...
မောင်မျိုးခင်ကို ဘယ်ထားကြမလဲ ...
မောင်မျိုးခင် ဘယ်မှာလဲ ...။

ပင်လယ်ဝမှာ"ရေချမ်း"လို့ခေါ်တဲ့
တံငါလုပ်စား။ ဆင်းရဲသားရွာကလေးမှာ ရှိပါတယ်။

ညနေဆိုရင် ဝွေးလှမ်းတဲ့စင်ပေါ်မှာ
မရှိတော့တဲ့ ခြေတဖက်ကို ပုဆိုးလေးနဲ့ အသာဖုံး
သူ့မှာ ဘာအပြစ်မှ မရှိပါဘူးဆိုတဲ့ အပြုံးလေးနဲ့
ထိုင်နေတာ အဲ့ဒါ မောင်မျိုးခင်ပါပဲ။

ပင်လယ်ပြင်မှာ ဆည်းဆာချိန်ဟာ အလှဆုံးပါ။

ခင်ဗျား ပင်လယ်ရောက်လို့ ဆည်းဆာချိန်ပျောက်နေရင်
ပင်လယ်ကြီးရဲ့ ဆည်းဆာတွေအကုန်လုံး
မောင်မျိုးခင်မျက်လုံးထဲမှာ ရှိပါတယ်။ ။

၁၉၅၇

# ပြောပြပါတော့ ပသိန်းရှင်

တကယ်တော့
ရတ်တရက် ကွယ်ပျောက်
ခြေရာကောက်ဖို့ပင် မချန်ရစ်ခဲ့သလိုပါပဲ၊
ကျန်သူတွေရဲ့ရင်တွင်းမှာတော့
တုတ်နှောင်ထုတ်ပိုးမိနေတဲ့
စိုးနင့်ကြေကွဲမှုညတွေနဲ့ပေါ့။
ခံစားရသူတွေမှာတော့
ပန်ထွာဘုရင်မ
မြို့စားလေးသျှီဝ
ရထားပေါ်က
ထန်းလျက်သည်မလေးအညိုနဲ့
ဘဝတခုလုံးကို အနုပညာထံမြှုပ်နှံထားမယ့်
သိုက်ထွန်းရဲ့ရင့်ကျူးသံတွေ
ကြားနေရင်း တွေဝေ
ဖြေမရနိုင်ဘူး ခင်ဝေရေ။
သူ့ကို
ဆည်းဆာကွယ်နှုတ်
တမိုးချုပ်ခဲ့ပြီဆိုတော့
အချစ်ညနဲ့ရင်ခုန်
မြစ်ပယ်ရုံဘေးမှာ
အိုယန်ဟိုင်းတေးသံတွေ ရွတ်ဆိုရင်း
ဘဝကို ထုနက်မှုန်းမံနေတာ
နီးတာဝက်အိပ်မက်တိုင်းရဲ့
ညအာသချိုတွေ တွေ့နေပြန်တယ်။

အဲဒီမှာလေ
သူဟာ
"ငကျော်"
"ကျော်ဆိုင်"
"နိုင်ကြီး"
"နိုင်ဝင်းဆွေ"
"ဆရာနိုင်"ဆိုတဲ့ နာမတွေအပြင်
"ဝ"မလေးကျုံရဲ့ ချစ်လင်
သားမောင်ဆန်းရဲ့ဖခင်
အနုပညာရှင် ကဝေလဲဖြစ်နေရဲ့။
သမိုင်းရဲ့ တော်လှန်ရသ
ဘဝစာမျက်နှာတချို့မှာ
တခါအုပ်ရင် တဂါဝုဝ် ကြီးတဲ့ခေတ်
သူ့လက်တွင်းမှာ ဖြစ်ခဲ့ဘူးရဲ့လို့
တသဟစ်ကြွေးလာခဲ့ရင်း
ယုံကြည်ရာကို ဖြတ်သန်း
မိုးကြမ်းလေကြမ်းတွေနဲ့
ရေဆန်လမ်းထက်မှာ
လူတကာနဲ့ မတူ
မဟူရာမေတ္တာတွေနဲ့ သူပေါ့
အခုတော့ဗျာ။

စံပယ်တော
မာနယ်ပလော
စာပေကလပ်
ရဟန်းပျိုသမဂ္ဂ

သန္နီးထူး
သစ္စာရှိဖျူး
ဒေါင်းအိုးဝေ
စုပေါင်းထားရစ်
လှစ်ကာနဲ့ပင်၊ ကိုယ်ထင်မပြ
သူချစ်မဝတဲ့
ချင်းကုန်းရွာလေးက
အမေဖွားဆိုင်ထံ ပြန်သွားလေလား။

ဒါမှ မဟုတ်ရင်လဲ
မိစ္ဆာတွေကို သုတ်သင်ဖို့
စစ်မြေပြင်ကို ချီတက်သွားပြီလား။ ။

ဒေါင်းနီ
၂၈၁၁၁၉၉၇

# လပင်းသံလွှင်
# သိချင်းရှင်နှစ်ယောက်
# နောက်ဆုံးညများ

သံလွင်နံဘေး
ဝါးတဲလေးနဲ့
အေးမြရွှန်းဖိတ်
လရောင်ရိပ်အောက်
လူနှစ်ယောက်လား၊ စကားဖောင်ဖွဲ့။

ရင်ခုန် နှလုံးသား
စကားလုံး နိမိတ်ပုံ
သူပုန် ဒေသနာ
ကဗျာ မြည်ကြွေး။

သူ့ရဲ့မျက်လုံး
စကားလုံးနဲ့
အပြုံးပွင့်တွေ
လရိပ်အောက်မှာ ကြွေ။

နှလုံးသားဖွင့်လှစ်
စကြဝဠာထဲ ရှက်လွှင့်သွားလိုက်တာ
ထိုည
လမင်းဖြစ်ခဲ့တယ်။ ။

*(ဆရာနိုင်ဝင်းဆွေ နှင့်အမှတ်တရညများသို့)*

ရဲနည်

# ရှင်သန်ပြီ မိုးမသ

လေညှင်းကလေး လာနေပြီ
ငွေ ရွှေ ကလောင်ရတု
မိုးမဘူး ။

မဟူရာမေတ္တာ
မသိန်းရှင် ဆီပို့ ပေးပါ
နွေတည
ရေဆန်လမ်း
လက်နက်ကိုင်လမ်းစဉ်
ရန်သူဖက်ဆစ်
ရေရှည်စစ်
မြေအောက်လုပ်ငန်း။
ပရိက္ခရာရှစ်ပါး
ဝါးတဲကျောင်းတဆောင်
နဲ့သာ
ဘုရားပန်း။

ဘာ...
"ကျွန်တော်သေသွားပြီလား"
မမေးပါနဲ့ ဗျာ... မမေးပါနဲ့
ကျွန်တော်တို့ ရဲ့အနားမှာ
ဆရာဟာ
လေညှင်းလေး တဖွဲ့နှစ်ဖွဲ့နဲ့
နှုတ်ခွန်းတော်ဆက်နေဆဲ။ ။

အေးထက်(လှူဘောင်သစ်)

# သင် သို့မဟုတ် သင်

သင်ဟာ တစ်ယောက်တည်း မဟုတ်
သင့်အတွက်ပေးဆပ်နေကြတဲ့
ပေးဆပ်ခဲ့ကြတဲ့
သွေးများ
ချွေးများ
နှလုံးကြေကွဲမှုများ။

သို့သော်
သင့်ရဲ့အသက်ရှင်မှုများ
သင့်ရဲ့ဘဝလမ်းမှာ
ရှက်ကိုက်ပိုး
သီးကိုက်ပိုး
အမြစ်ကိုက်ပိုးတို့
မဟာမိတ်ဖွဲ့ တီးတိုးနေကြရဲ့။

သင် မနွမ်းရဘူး
သင် မညှိုးငယ်ရဘူး
အို…
သင် မသေရဘူး
ဒါဟာ မရေမတွက်နိုင်တဲ့ ဘဝတွေရဲ့စုဖွဲ့မှုပေါ့။
သူ့အား
သင့်ထံမှ ခွန်အားမျှပါ
သူ့အား
စစ်သူကြီး အရာထားပါ
သူဟာ သင့်အတွက် သစ္စာဖြစ်ရမယ်။ ။

ရဲဘော်မောင်ဝိုင်း

## ဝံပုလွေ

ဒါ ...
အဖော်တွေနဲ့ ကွဲသွားတဲ့
ဝံပုလွေတကောင်ရဲ့
စူးစူးရဲရဲ အော်သံပဲ
ရှိလန်ဟိုက်
တောင်ကြောအတိုင်း
ဒုံးစိုင်းခုန်ပေါက်
သားရဲတွင်းသို့ အရောက်ပြန်
လမ်းစကို အနံ့ခံလိုက်
နဂါးနဲ့ကြုံ
ဂဠုန်နဲ့တွေ့
ခြင်္သေ့နဲ့ တိုက်ပ။
မိုင်ပေါင်း
ရာထောင်ရှည်က
အဖော်တွေကြားအောင်
အရှည်လျားဆုံး
အူ လိုက်မိရဲ့
ဒေါနရေ
ဝို အသံကြားလား
"ရထား ဖြစ်လား"
သံလွှင်
သံလွှင်
"ရထားဖြစ်လား"
အသံဘယ်လောက်ကြားလဲ
ကြားရင်အကြောင်းပြန်ပါကွယ်။
"ကယ်လီဖိုးနီးယား"က
တစ္ဆေလို နေ့ခင်းပ
အထီးကျန်လှချည့်ရဲ့။

သော်လဲထ လေ့ဆိပ်က
ဈေးခင်းလေးလို
ခင်ဖို့ မကောင်းပေဘူး။
အုံ့မှိုင်းမှိုင်းကောင်းကင်အောက်မှာ
နေ့ရော
ညပါ
တံခါးပိတ်
အိပ်မောကျ
တစပြင်ပမာ
တမြန် မနေ့ကတော့
ဆောင်းမင်းသမီး
"နှင်း"ဟာ
ဖြူလွလွ
ပဝါတစနဲ့ ကတယ်။
နယ်ခံတွေကြားမှာ
အလွှမ်းများများနဲ့
အားပေးနေတဲ့
ဝံပုလွေရဲ့အသံဟာ
ပစ္စိဖိတ်သမုဒ္ဒရာပေါ်မှာ
လွင့်ပျံ
တို့ပြန်ချင်လှပါပြီ နှင်းရယ်။
ဟိုး အဝေးက
လှမ်းလို့မြင်ရတဲ့
ဝက်ဝံတောင်ကြီးရဲ့
"ပတ်ဖန်ဒါ"လမ်းနံဘေးက
အရိုးခံပန်းလေး
ခွေးပြီး ကျန်ရစ်လိမ့်။
"နီတားဒါး"
သဲကန္တာရကြီးမြော

ဥတ္တရရာသီရဲ့
ဟိန်းဟောက်မှုအောက်မှာ
ပူလိုက်
အေးလိုက်
ငန်းဖျားရိုက် ခိုက်ခိုက်တုန်နေ။
ဝံပုလွေတကောင်ရဲ့
"ကယ်လီဖိုးနီးယား"သွား တောလား
ခြိမ်းခြောက်မှုတွေကြားမှာ
သွေးမဲလို့ မသွားပေဘူး။
အလို ...
"စွယ်လိုး"ငှက်လေးတောင်
တောင်ဝန်ရိုးစွန်းက ပြန်လာကြပြီပဲ
"ဆန်တီရေးဂိုး"က
ဘုရားကျောင်းအိုကြီးထဲမှာ
ဒေသခံတွေက
သူတို့အပြန်ကို
ခေါင်းလောင်းထိုးကြိုဆိုကြ
တောင်ဘက်က ပြန်လာတဲ့မိတ်ဆွေတို့ရယ်
ငါ့အတွက် စာပါလား
ငါ့ကို ဘာမှာလိုက်ကြသလဲ
သားပျောက်ရှာနေတဲ့အမေတွေနဲ့
စစ်ပြေးဒုက္ခသည်တွေ
အခြေအနေ ဘယ်လိုရှိပါစ။
ခုချိန်ဆို
ဒေါနမှာ
တောမီးတွေ လောင်စပြုပြီပဲ
ပေါက်လဲနဲ့၊ ပဒတ်စာတွေလဲ
နေထဲ၊ မီးထဲမှာ ရဲရဲပွင့်
အနာဂတ်ကို မျှော်လင့်ကြရော့မယ်။

ဒါကိုပဲ
သေကောင်ပေါင်းလဲ
ငါချစ်ခဲ့။
သားရဲဟောက်သံတွေ
ရှုရှုညံ
သွေးရဲရဲ သံရဲရဲ
လေးသံမစဲ မြားသံမစဲ
သဲသဲမဲမဲ
ထိုးနှက် တိုက်ခိုက်နေကြ။
အစွယ်တွေ ဖွေးဖွေးလှုပ်
ဝံပုလွေတအုပ်လဲ
မီးတောက်ထဲမှာ
ဝုန်းဒိုင်းကြဲ ချီတက်သွား
တိုက်ပွဲခေါ်သံကြားမိတယ်။
ယှဉ်ဇနာပေါင်းများစွာက
နာနာကျည်းကျည်းနဲ့
ကျွဲချို မှုတ်သံ
ငါ့သွေးမှာ ပွက်ပွက်ညံ့ပေါ့။
ဒီတခါ
ဒဏ်ရာပလပ္ပ
ဆာလောင်ငတ်မွတ်မှုတွေ အနန္တနဲ့
ခေါင်းမာလှတဲ့ ဝံပုလွေဟာ
ရှိဝေဝေဝိုင်ခွက်ကို
မီးလင်းဖိုနံရံမှာ ပေါက်ခွဲ
ဝုန်းကနဲ ခုန်ထ
မီးတောက်ထဲကို ခုန်ချသွားတယ်
ရဲရဲ။ ။

မိုးသီးဇွန်

# စုစည်းရှာ

ဗီယက်နမ်စစ်ပွဲတုန်းက
သွတ်ဆူးကြိုးကာ ရှာမျိုး
စုစည်းရှာ
နောက်ဆုံးပေါ် ပြသနာ
အကြီးမားဆုံး နို့တိုက်သတ္တဝါတွေရဲ့
အစုလိုက် အပြုံလိုက် တောပြောင်းခြင်း
ဒါ
ကမ္ဘာကျော်သွားတဲ့
*Shiddler's List* ဇာတ်ကားရဲ့
ဇာတ်ဝင်ခန်းတခုလို ပီပြင်ပ
ရုပ်ဆိုးစွာလှပ။

မျက်နှာအတုတပ်ထားတဲ့
ငြိမ်းချမ်းရေးစားပွဲပေါ်
နမိတ်တွေ တော်လဲ
လဲသေနေတဲ့ ချိုးငှက်တကောင်။ ။

တိုးသစ်

## ငှက်ကလေးတွေ ပျံသွားနေကြ

(တစ်)
ဟိုး မှာလေ
ငှက်ကလေးတွေ ပျံသွားနေကြ။
တိမ်အုပ်တွေကို ကျီစယ်ဖို့လား
လမ်းသလား လေသလား
ကျနော့်အားလဲ
အတောင်ပံတွေ တပ်
လေရဟာပ်နဲ့ ဆွဲခေါ်သွားလေရဲ့
လေအဟုန် စီးစေချင်လို့ ဖြစ်မယ်ပေါ့။
ကျနော်လဲပဲ
လူးကာ လိမ့်ကာ
ပါသွားလေရဲ့။
ယောနသံစင်ရော်
ဌါ့ အဖော်မှ မဟုတ်။
ဒါဟာ ငှက်သန်သန် တကောင်လောက်
သာပါ။
(နှစ်)
အိုး
အဖိုးအို
ကျွန်ုပ်ရဲ့ အဖိုးအို။
ကျွန်ုပ်ကိုများ
အခါတပါးက
သင့် နလုံးသား
အနုပညာ မြားတစင်း
မြင်းတစီး။ လေးတလက်နဲ့
ဟိုး မိုးသားတိမ်နက်နက်တွေထဲဆီ
တိုးဝင်နိုင်းဘူးလေရဲ့။

"ကလေးရေ
ဒီလို မသွားနဲ့
ကလေးရေ
ဒီလို မနားနဲ့
ဒီလို ချိုးကွယ့်
ဒီလို ကွေ့ကွယ့်
ကလေးရေ
... ... ... ... ... တဲ့"။
အဖိုးအိုရဲ့ နှုတ်ကပါတ်တော်
ဓါးသွားများ
သစ္စာတရား
ကျွန်ုပ်ရဲ့ ကိုယ်
အနက်ရှိုင်းဆုံးဆီ အထိ
ထိုးမြှုပ်ဘူးလေရဲ့။
"အဖိုးရေ
... ... ... ... ...
ကျနော်လေ
... ... ... ... ...
အဖိုးရေ
... ... ... ... ..."။

(သုံး)
"အဝကို ချစ်
လောကကို ချစ်
အနုပညာကို ချစ်
တော်လှန်ရေးကို ချစ်
မီးရှို့ဖျက်စီးခြင်းကို ချစ်
အချစ်ကို ချစ်
အချစ်ကြောင့်ပဲ ကွန်မြူနစ်လဲ
ဖြစ်ခဲ့တယ် ဆိုတဲ့။
ကျနော်က ချစ်တဲ့
ကျနော့်ကို ချစ်တဲ့
သစ္စာကို ချစ်တဲ့
တကိုယ်လုံးမှာ
အချစ်တွေ စီလို့
အမြဲတန်း ပြုံးနေစေချင်တတ်တဲ့
အဖိုးရေ"
ဟိုး
မိုးသားတိမ်အုပ်အုပ်တွေထဲ
လွတ်မြောက်ရေး တေးတပုဒ်
အပြုံးတဆုပ်လောက်နဲ့
ကျနော့်ရဲ့ ကိုယ် အသေးအနှုတ် မှန်သမျှ
နားရင်းတချက် ချလို့
ဆုံးမဦးပေါ့။
(လေး)
ဟိုး မှာလေ
ငှက်ကလေးတွေ ပျံသွားနေကြ။

တိုက်အောင်

## ၉၅/ ပေဟော်ဝါရီ

ကောက်ရိုးစားတဲ့ "လောက်"
တန်ဘိုးတရား မသိတဲ့ ဦးနှောက်တွေနဲ့လေ။

ဖားသူငယ်လို ဘဝင်လောက်နဲ့
ပဲ့ရူးရောက်ရောက် စိုင်းချင်သူတွေက
လက်ရဲဇက်ရဲနဲ့ မိုက်မဲလိုက်ကြပုံများ
ယုံနိုင်မတဲ့လားဗျာ။ ။

မင်းမင်းဦး

# ဆောင်းရက်တွေက ရှည်ပါတယ်

မှောင်ပိတ်နေတဲ့ မြူတွေထဲမှာ
ပင်ထိပ်ရွက်ဖျားတွေက
နှံ့ဖွက်ကြား ကယ်သူမဲ့အလောင်းရဲ့
ငြိမ်သက်တဲ့ လက်မောင်းတွေလို
ဆောင်းရက်ရှည်မှာ အထီးကျန်။

သားကို တွေ့ဖို့အရေး
လမ်းဘေးက တဲကိုရှောင်း
ထန်းတောထဲကို ပြောင်းလာကြတဲ့
ဟောဒီ မြေးအဖွားတွေအတွက်
ဒီနှစ် ဆောင်းရက်တွေက ရှည်တော့မယ်။

အရုဏ်မကျင်းခင်မှာပဲ
ဖယောင်းတိုင်အလင်းနဲ့ ဘုရားရှိခိုး
မျက်ရည်မိုးတွေနဲ့ သားအတွက် ဆုတွေတောင်းနေစဉ်
ဆောင်းနှိပ်စက်လို့ အိပ်မပျော်တဲ့
ဝှံအိတ်အောက်က မြေးနှစ်ယောက်ကလဲ
တယောက်ကိုတယောက်ဖက်ရင်း ရင်တွင်းမှာ
"ဘုရားကြီးရယ် အဖေကြီး ပြန်လာအောင်လုပ်ပေးပါ
အမေကြီး သေလိမ့်မယ်"။

နှင်းစက်တွေက တဖြောက်ဖြောက်
တံစက်မြိတ်အောက်မှာပဲ
အမေ့အသံ ယောက်ပက်နဲ့
"အားလုံး ငါးပိသသာခွဲ"
ရင်ထဲ ခဲဆွဲပေးလိုက်ရသလို
လှိုက်ဖိုတဲ့ နှလုံးသားနဲ့
"ကျူးတို့ပေါ် နှန်မတက်နဲ့
လမ်းဖြတ်ရင် ကားသတိထား
တို့သားအမိ စုစောင်းငွေနဲ့
ဆောင်းကုန်ရင် အမေ့ကို သွားတွေ့မယ်"
ဆယ်နှစ်ရွယ် ထန်းလျက်သည်မလေးရယ်
အမှောင်ထဲမှာ
မင့် ခေါင်းနဲ့တောင်း
ခေါင်းကကြီးသလား၊ တောင်းကကြီးသလား
ဆောင်းရက်တွေက ရှည်တော့မယ်။

အဦးဆုံး ကျူးတို့နဲ့ မြို့ပေါ်ဘက်
ကမ်းအထက်ကတည်းက
ထန်းလျက် ထန်းလျက်နဲ့
တလမ်းဝင် တလမ်းထွက်
အက်နေတဲ့ အသံတွေက
လေထဲမှာ ဝေ့ကာဝဲကာ ဝဲ
အကျဉ်းထောင်ထဲက မင်းအဖေအသည်းတွေ
ကွဲလိမ့်မယ် သမီးရယ်။

ဆုတောင်းပြည့်စေတီဝန်းထဲမှာ
နှင်းစက်တွေ စိုရွဲ
မြူမှုန်တွေ ပြိုကွဲချိန်မှာတော့
ဟို အဝေး
ချင်းတွင်းဘေးက ထန်းတောထဲမှာ
ဆောင်းရက်တွေက ရှည်ဆဲပါ။ ။

မြင့်ကျော်ခေါင်

# တော်လှန်ရေး ကဗျာ

တိုက်ပွဲ ကြမ်းတမ်း
ရေဆန်လမ်းထဲ
လျှောက်လှမ်းဆဲမို့
မိုးမခရေ
(သံလွင်ကမ်းမှ)
နွေတညသို့
အမှတ်တရ။ ။

အောင်နိုင်ဦး

## ကတ္တီပါအုပ်၍ မြေမြှုပ်ပေးပါ

နန်းသွေး မင်းဆက်
လည်စင်းပေးခဲ့
သွေးပွက် အန်စင်
နန်းပြင်ရင်က
ဓားလွှတ် ဝင်းလက် အရေးတော်ပုံ။

ပြေးလွှား ပြိုလဲ
တိုးလျှိုး တောင်းပန်
ရာဇဝင်ရဲ့ ရှိုက်သံ
ဥာဥ့်ယံ ထိုးခွဲ
မသဲမကွဲလေ။ ။

ထိုက်သူနိုင်

## ကတ္တီပါအုပ်၍ ပြေမြုပ်ပေးပါ

နန်းသွေး မင်းဆက်
လည်စင်းပေးခဲ့
သွေးပွက် အနံစင်
နန်းပြင်ရင်က
ဓားလွတ် ဝင်းလက် အရေးတော်ပုံ။

ပြေးလွှား ပြီလဲ
တိုးလျှိုး တောင်းပန်
ရာဇဝင်ရဲ့ ရှိက်သံ
ဥာဉ်ယံ ထိုးခွဲ
မသဲမကွဲလေ။ ။

ထိုက်သူနိုင်

## အားဟာန်သစ်ပွင့်

ကျောက်တောင် ကျောက်ခဲ
သဲကန္တာရထဲမှာ
နေ့တရှဝ
နှစ်များစွာ
နေလာပျိုမြစ်
ကန္တာရကျောက်ပန်းအဖြစ်
မှန်တိုင်းက ထုဆစ်လိုက်တယ်။ ။

စွမ်းမြိုင်

# ရွှေရုပ်တု

ရဲဘော်
နေ့လည်လရက် တရက်မှာ
ငါတို့ကို ရဲဘော်ခွဲထွက်သွားခဲ့တယ်။

ရဲဘော်ရဲ့ ဈာပနကို
ငိုရှိုက်ခြင်းနဲ့ ပို့ဆောင် ဂုဏ်ပြုဖို့
ငါတို့မှာ အချိန်မရှိ။

ရဲဘော်ရဲ့ ရုပ်တုကို
ယဉ်ကျေးစွာ ထုလုပ်ဖို့ ... ပြီးတော့
ထိုက်တန်စွာ ထုလုပ်ဖို့
ငါတို့မှာ ရွှေသားမရှိ။

ဒါပေမယ့်
သွေးတွေ ရွှဲနစ်နေတဲ့
ရဲဘော်ရဲ့အကျီကို
ငါတို့ အလံထူလို့
ရှေ့သို့ ရှေ့ကို
ရှေ့ဆီကို သွားနေကြတယ်ဆိုရင်
နစ်နစ်ချိုက်ချိုက်
အိပ်ပျော်လိုက်ပါတော့ရဲဘော်။ ။

ဒွေးအောင်

ချည်ဝု

ရိကော်



## နိုင်ဝင်းဆွေ

(၁၉၄၀ – ၁၉၉၁)

စာရေးဆရာနိုင်ဝင်းဆွေသည် မဟူရာမေတ္တာ ဝတ္ထုဖြင့် ၁၉၆၀ ပတ်ဝန်းကျင်ခန့်က မြန်မာစာပေလောကတွင်ထင်ရှားကျော်ကြားလာခဲ့သည်။ ၁၉၇၈ခုနှစ်တွင် သူ၏ကဗျာနှင့် ဆောင်းပါးများကို ပုံနှိပ်ထုတ်ဝေပြီးနောက် စစ်အစိုးရ မှလိုက်လံဖမ်းဆီးမှုကြောင့် တိမ်းရှောင်ခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီသို့ လွတ်မြောက်ရေးတိုက်ပွဲများ ဆင်နွှဲရန်ရောက်ရှိခဲ့သည်။

၁၉၉၁– ခုနှစ်တွင် မာနယ်ပလောတော်လှန်ရေး ဗဟိုဌာနချုပ်သို့ ရောက်ရှိလာသည်။ ၁၉၉၁– ခုနှစ်တွင် စာပေနှင့် အနုပညာကလပ် (လွတ်မြောက်နယ်မြေ) ဒု–ဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့ပြီး စာပေနှင့်အနုပညာကလပ်မှ ထုတ်ဝေသော သစ္စာရီဗျူး (အမှတ် ၁၊၂၊၃) အား အယ်ဒီတာချုပ်တာဝန်ယူ ထုတ်ဝေခဲ့သည်။ သစ္စာရီဗျူး၊ သန္တုထူး၊ ဒေါင်းအိုးဝေ၊ လူ့ဘောင်သစ် စာစောင်များတွင် ကဗျာများ၊ ဝတ္ထုများ၊ ဆောင်းပါးများ၊ နိုင်ငံရေးစစ်တမ်းများ၊ တော်လှန်ရေးအဖွဲ့ အစည်း မိတ်ဆက်များ၊ ဆောင်းပါး (၄)စောင်နှင့် သုံးဘက်မြင် အနုပညာစစ်တမ်းကြီးကို ရေးသားခဲ့သည်။ ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလတွင် မာနယ်ပလောဌာနချုပ်အနီး ဖွေးဖောလူရွာတွင် သူချစ်သော လွတ်မြောက်နယ်မြေ၊ တော်လှန်စာပေ အနုပညာလောကနှင့် ရဲဘော်ရဲဘက်များကို ခွဲခွာသွားခဲ့သည်။ ကျဆုံးစဉ်တွင် ဇနီး ဒေါ်ကျုံ (ဝ တိုင်းရင်းသူလေး)နှင့် သား မောင်ဆန်းတို့ ကျန်ရစ်ခဲ့ပါသည်။